ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

## Village Development Plan (VDP)

ရေနီပေါက်ကျေးရွာ၊ ဘောလခဲကျေးရွာအုပ်စု၊ ဘောလခဲမြို့နယ်

**မာတိကာ**

၁။ ဘောလခဲမြို့နယ်မြေပုံ

၂။ရေနီပေါက် ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဘောလခဲမြို့နယ်မြေပုံ



## ၂။ ရေနီပေါက်ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | မိုင်းထမ်းကျေးရွာ | ၁၀၅ | ၂၄၅ | ၂၂၀ | ၄၆၅ |
| ၂ | ရေနီပေါက်ကျေးရွာ | ၇၄ | ၁၈၂ | ၁၇၄ | ၃၅၆ |
| ၃ | ဝမ်ချယ်ကျေးရွာ | ၇၆ | ၁၇၁ | ၁၄၈ | ၃၁၉ |
| | စုစုပေါင်း | ၂၅၅ | ၅၉၈ | ၅၄၂ | ၁၁၄၀ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၊ ဘောလခဲအုပ်စုရှိ ရေနီပေါက်ကျေးရွာသည် ဘောလခဲမြို့မှ ရွာသစ်သွားရာလမ်းခွဲ (၃) မိုင် လေးဖာလုံအကွာတွင်တည်ရှိသည်။ ရေနီပေါက်ရွာ၏အမည် အဓိပါယ်မှာ ရွာအနီးရှိရေနီများထွက်သော ရေကိုအစွဲပြု၍ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၂၀ ခုတွင် ကယားလူမျိုး ဦးကိုးရယ်မှအိမ်ခြေ (၁၈) အိမ် ၊လူဦးရေ(၄၀) ခန့်ဖြင့် စုစည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြပြီး ရိုးရာတံခွန်တိုင် နတ်ကိုလည်း ကိုးကွယ်ကြသည်။ စားဝတ်နေရေးအတွက် တောင်ယာလုပ်ငန်းကိုလုပ်ကိုင်ကြပြီး နှမ်းနှင့်ပြောင်းကောက် ကိုအဓိက စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်ရာသီအလိုက်ပွဲတော်များကိုလည်း ကျင်းပလေ့ရှိကြပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်း အမြစ်ပြမြေပုံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၃ | ၂၉ | ၅၂ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၃ | ၂၉ | ၅၂ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၃ | ၂၉ | ၅၂ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ် မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၃ | ၂၉ | ၅၂ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၃ | ၂၉ | ၅၂ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီ အလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဗင်းပုံစံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၃ | ၂၉ | ၅၂ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်း များ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ


### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



ရေနီပေါက်ကျေးရွာသည် ဘောလခဲခရိုင်၊ဘောလခဲမြို့နယ်မှ ရွာသစ်သွားရာလမ်းခွဲ မှ(၃)မိုင်ကျော် အကွာတွင်တည်ရှိပါသည်။ရေနီပေါက်ကျေးရွာတွင် အိမ်ခြေ (၇၄)အိမ်ရှိပြီးအိမ်ထောင်စုမှာ (၇၄)ရှိကာ စုစုပေါင်းလူဦးရေမှာ (၃၅၆) ဦးခန့်နေထိုင်ပါသည်။ကျေးရွာ၏အနောက်ဘက်တွင် ဘောလခဲဖါးဆောင်း သွားရာလမ်းမကြီးတည်ရှိပြီး ကျေးရွာအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ပေါင်းကူးပေးထားသော JKTတံတားလည်းရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် တောင်တန်းများရှိပြီး တောင်ယာခင်းများလည်း ရှိသည်။၄င်းကျေးရွာရှိ အိမ်ထောင်စုများသည် တောင်ယာလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြသည်။ အလုပ်ပါးချိန်များတွင် တံငါလုပ်ငန်းနှင့်အမဲလိုက် ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။အိမ်တွင်းတစ်နိုင်တပိုင် မွေးမြူရေးလုပ်ငန်းများကိုလည်းလုပ်ကိုင်ပါသည်။ကျေးရွာတွင် ကယားလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုအထွတ်အမြတ်ထားကိုးကွယ်ကြသည်။ ကယားရိုးရာ ကေ့ထိုးဘိုးနတ် ကိုးကွယ်ခြင်းများလည်း ရှိသည်။ တောင်ယာအားလပ်ချိန်တွင် ဂျပန်းအလုပ်ကို လုပ်ကိုင်ပါကြပါသည်။ သုံးစွဲသောရေအရင်းအမြစ်မှာ ရေထွက်ပေါက်မှဖြစ်သည်။ကျေးရွာနှင့် (၃)ဖာလုံ အကွာတွင် ကျောက်ထုတ်ယူသုံးစွဲနေသော ကျောက်တောင်ရှိသော်လည်းကျောက်အနည်းငယ်သာရှိသည်။ ကျေးရွာအတွင်းသီးခြားနေထိုင်သော အုပ်စုများ၊ဘာသာရေးဆိုင်ရာ အုပ်စုများ ဟူ၍ခွဲခြားခြင်းမရှိဘဲ တစ်စုတစည်းတည်းသာနေထိုင်ကြပါသည်။ ကျေးရွာအတွင်းမှပြင်ပသို့

သွားရောက်အသက်မွေးဝမ်းကြောင်း လုပ်ကိုင်သူများမှာ(၅%)သာရှိပြီးပြင်ပမှ ကျေးရွာအတွင်းလာရောက်လုပ်ကိုင်သူမှာ (၁၀%)ခန့်ရှိသည်။

### (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုပြဇယား


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကား၊ထော်လာဂျီ၊ထွန်စက်၊တောင်ယာခင်းများ၊ဆိုင်ကယ်၊ဈေးဆိုင် တိုက်အိမ်၊ကျွဲ၊နွားများ | ၁၀ | ၁၃.၃၃ |
| အလယ်အလတ် | ဆိုင်ကယ်၊စက်ဘီး၊တောင်ယာ၊ဝက် ကြက်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊သွပ်မိုးအိမ် များ | ၄၀ | ၅၃.၃၃ |
| မပြေလည်သောအုပ်စု | တောင်ယာ၊ကြက်၊ဝက်၊ပျဉ်ထောင်အိမ် ဆိုင်ကယ်၊ | ၁၅ | ၂၀ |
| မပြေလည်ဆုံးအုပ်စု | တောင်ယာ၊အိမ်၊ကြက်၊ဝက် | ၁၀ | ၁၃.၃၃ |


**ဥစ္စာဓနကြွယ်ဝမှုအဆင့်ကိုသတ်မှတ်ရာတွင် ရေနီပေါက်ကျေးရွာ၌ -**

လူမှုစီးပွားရေးအခြေအနေအရအုပ်စု(၄)မျိုးခွဲခြားထားပါသည်။ ထိုအုပ်စုများမှာ ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်၊မပြေလည်သောအဆင့်နှင့် မပြေလည်ဆုံးအဆင့် ဟူ၍ဖြစ်သည်။ ချမ်းသာသော အုပ်စုတွင် ကား၊ထော်လဂျီ၊ထွန်စက်၊တောင်ယာခင်းများ၊ဈေးဆိုင်များ၊တိုက်အိမ် နှင့် နွားများ ပိုင်ဆိုင်ကြပြီးရာခိုင်နှုန်းအားဖြင့် (၁၃.၃၃%)ရှိပါသည်။

အလယ်အလတ်အုပ်စုများသည် ဆိုင်ကယ်၊စက်ဘီး၊တောင်ယာ၊ဝက်၊ကြက်၊ ပျဉ်ထောင်အိမ်၊ သွပ်မိုးအိမ်နှင့်လှည်းများပိုင်ဆိုင်ကြသည်။ ရာခိုင်နှုန်းအားဖြင့်( ၅၃.၃၃%)ရှိပါသည်။ မပြေလည်သောအုပ်စုများသည် တောင်ယာ၊ကြက်၊ဝက်၊ပျဉ်ထောင်အိမ်များပိုင် ဆိုင်ကြသည်။ ရာခိုင်နှုန်းဖြင့်(၂၀.၀၀%)ရှိပါသည်။မပြေလည်ဆုံးအုပ်စုများသည် တောင်ယာနှင့်အိမ်တို့ကိုသာပိုင်ဆိုင် ပါသည်။ ရာခိုင်နှုန်းအနေနှင့်ဖော်ပြလျှင်(၁၃.၃၃%)ရှိသည်။

**(ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)**






ရေနီပေါက်ကျေးရွာတ ွင် ကျား-မရေးရာ ဏ္ဍပိုင်ဆိုင်မှု များကို သုံးသပ်ရာတွင် သစ်၊ကျောက်၊ တံခွန်တိုင်၊လက်သမား စသည်တို့ကို အမျိုးသားများ ထိန်းချုပ် ထားသည်။ စက် ချုပ်ခြင်း ၊ ဈေးဆိုင်များသည် အမျိုးသမီးများ သာထိန်းချုပ်သည်။

ကျောင်း၊တောင်ယာ၊ရေကန်၊စာကြည့်တိုက် ၊ကစားကွင်း ၊လူငယ်ရိပ်သာ၊ ဆေးပေးခန်း၊သဲ၊ လမ်းခင်းခြင်း များကို အမျိုးသား နှင့် အမျိုးသမီးများ နှစ်ဦးစလုံး ထိန်းချုပ်ကြပါသည်။သစ်၊ကျောက်၊ တံခွန်တိုင် ၊စက်ချုပ်ခြင်း ၊ဈေးဆိုင်၊ဆေးပေးခန်း၊ သဲ၊ လမ်း များကို အမျိုးသမီးများကို အမျိုးသား၊ အမျိုးသမီး အားလုံး အတူတူသုံးစွဲကြပါသည်။ရေနတ်ကျွေးခြင်းကိုမူ အမျိုးသားများသာ သီးသန့် သုံးစွဲ ထိန်းချုပ်ခွင့်ရှိပါသည်။


(ယ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)




ပင့်ကူအိမ်ပုံစံ ဆွေးနွေးချက်အရ ရေနီပေါက်ကျေးရွာတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်သာတစ်နေ့သာလုံးအချိန်ကို ဖြတ်သန်းနေကြရသည်။ လုပ်ပိုင်ခွင့်နှင့်ဆုံးဖြတ်ခွင့်များ၌အခွင့်အရေးနည်းတတ်ကြသည်။

အမျိုးသမီးအများစုသည် အိမ်ထောင်ဦးစီးဦးဆောင်ရာတွင် အခွင့်အရေးနည်းတတ်ကြပါသည်။ ဝင်ငွေ အရလည်း အမျိုးသမီးများသည် အမျိုးသားများထက် အလွန်နည်းနေသေးသည်။ကျေးရွာတွင် အမျိုးသမီး သီးသန့် အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းဖြင့် အမျိုးသမီးများကို မိမိကိုယ်ကို ယုံကြည်မှုများရှိလာအောင်လက်တွဲခေါ်ဆောင်ရွက်ပေးသင့်သည်။

## (င) ရာသီခွင်ပြဇယား




ရေနီပေါက်ကျေးရွာတွင် ဆွေးနွေးခဲ့သော ရာသီခွင်ပြဇယားအရ စိုက်ပျိုးရေးကိုအဓအဓိကထား လုပ်ကိုင်ကြပါသည်။၄င်းတို့ တောင်ယာခင်းတွင်နမ်းကိုအဓိက စိုက်ပျိုးကြပါသည်။အခြား သီးနှံများဖြစ်သောပြောင်း ၊ပဲအမျိုးမျိုး နှင့် ငြုပ် စသော သီးနှံမျိုးစုံတို့ကိုလည်းစိုက်ပျိုးပါသည်။နမ်းရိတ်သိမ်းချိန်မှာ ဩဂုတ်လ၊စက်တင်ဘာလ နှင့် အောက်တိုဘာလတို့တွင် အများဆုံးရိတ်သိမ်းကြပါသည်။ထို့ကြောင့် အောက်တိုဘာလ နှင့် နိုဝင်ဘာလတို့တွင် ဝင်ငွေအကောင်းဆုံးလများဖြစ်သည်။ဇွန်လ၊ဇူလိုင်လ နှင့် ဖေဖော်ဝါရီလများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့် ငှက်ဖျားရောဂါဖြစ်လေ့ရှိပါသည်။ထိုသို့ဖြစ်ရခြင်းမှာ မိုးရာသီတွင် သောက်ရေ သုံးရေများမသန့်သောကြောင့်ဖြစ်ပြီးကလေးငယ်များတွင် ဝမ်းရောဂါ အဖြစ်များသည်။ ယင်းကျေးရွာတွင် ရေနတ်ကျွေးပွဲ၊ ထမင်းနဲထိုးပွဲ၊ တံခွန်တိုင်ပွဲ၊ သင်္ကြန်ပွဲ၊ ဒီးကူပွဲ စသည့်ပွဲတော်များကိုလည်း ရာသီအလိုက်ကျင်းပကြပါသည်။ ပွဲတော်ကျင်းပသောရာသီများမှာ ဖေဖော်ဝါရီလ၊ဧပြီလ၊မေလ၊စက်တင်ဘာလ၊အောက်တိုဘာလ နှင့်နိုဝင်ဘာလ တို့ဖြစ်သည်။ သီတင်းကျွတ်လ တွင်ဆီမီးထွန်းပွဲများကိုကျင်းပကာ မိဘဆရာသမားများကိုကန်တော့ကြသည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်ကို မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပကြသည်။ဇန်နဝါရီလ၊ မတ်လ၊ဧပြီလ၊မေလ စသောလများသည် အလုပ်ပါးသောလများဖြစ်သည်။အလုပ်ပါးသောလများတွင် ကျေးရွာသူ ရွာသားများသည် မိမိတို့ရွာအတွက် အကျိုးရှိသော လုပ်ငန်းများဖြစ်သည့် အမှိုက်သိမ်းခြင်း

၊လမ်းပြုပြင်ခြင်း နှင့် ရေကန်ဆေးခြင်း တို့ကို တက်ညီလက်ညီလုပ်ဆောင်ကြသည်။အလုပ်ပါးချိန်တွင် အချို့မှာအခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တံငါအလုပ်နှင့် တောလိုက်ထွက်ခြင်း တို့ကို လုပ်ကိုင်ကြပါသည်။



## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်




ကျေးရွာလူထု နှင့် ပူပေါင်း၍ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ၊ ဆယ်အိမ်မှူး ၊ပညာရေးအဖွဲ့၊ဘာသာရေးအဖွဲ့၊ လူငယ် အဖွဲ့များသည် ကျေးရွာ၏ လူမှုရေး ၊စီးပွားရေး ဆိုင်ရာကိစ္စ များ ၊ဘာသာရေးဆိုင်ရာကိစ္စ များကို အတူတကွလုပ်ဆောင်ကြပါသည်။အမျိုးသမီး များ နှင့်

တိုင်းရင်းသားလူမျိုးစု များအားလုံးတို့သည် အဖွဲ့တိုင်းတွင်ပါဝင်ပါသည်။ ပက်မြန်မာ ၊ မြစိမ်းရောင်၊ မောဒူးကလာမေး၊ကယားဖူး၊ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ သမဝါယမ အဖွဲ့၊နယ်လှည့်ကျန်းမာရေးအဖွဲ့၊ KSWDC ၊ IRC ၊လေ့လာစောင့်ကြည့်ရေးအဖွဲ့ နှင့် လူထုဗဟိုပြုစီမံကိန်း အဖွဲ့ တို့သည် ကျေးရွာ၏ ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပါဝင်လုပ်ဆောင်ကြပါသည်။ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး နှင့် စီမံခန့်ခွဲမှုတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ နှင့်ကျေးရွာ ခေါင်းဆောင်၊ရပ်မိရပ်ဖ တို့မှ အထက်ပါအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက်ပူးပေါင်းပါဝင်နိုင်ရန် ချိတ်ဆက်ပေးပါသည်။

**(ဆ) အခက်အခဲများနှင့်ပြဿနာများ**

ရေနီပေါက်ကျေးရွာတွင် ရာသီဥတုအခြေအနေပုံမှန်မရှိသဖြင့် ထွန်ယက်စိုက်ပျိုးရာတွင် ကောင်းမွန်စွာဖြစ်ထွန်းမှုမရှိပါ။ ထို့ကြောင့် ပညာရေး ၊ကျန်းမာရေး နှင့် စားဝတ်နေရေးအတွက်အစစ အရာရာ အခက်အခဲများရှိနေသည်။စီးပွားရေးမပြေလည်သဖြင့် ငွေကြေးသုံးစွဲမှုတွင် အားနည်းနေပါသည်။ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းနေကလေးများအတွက် လုံခြုံမှုမရှိသဖြင့် လိုအပ်ချက်များ ရှိနေသေးသည်။


ကျေးရွာဆေးပေးခန်းတွင်လည်း လိုအပ်သောဆေးဝါးများထောက်ပံ့မှု တွင်လုံလောက်မှု မရှိပါ။ကျန်းမာရေး ကဏ္ဍဘက်တွင် ကျန်းမာရေးဝန်ထမ်းများအတွက် အိမ်ရာဆောင်မရှိသဖြင့် ဆေးကုသရာတွင် နေရာအခက်အခဲ နှင့် အခြားလိုအပ်ချက်များလည်းရှိနေပါသည်။


မီးဘေး (တောမီး) ကြောင့် ကျေးရွာအတွက် ထိခိုက်နစ်နာမှု ရှိပြီး ကျေးရွာပတ်လမ်းမရှိသဖြင့် ရပ်ရွာသန့်ရှင်းရေးအတွက် အားနည်းနေပါသည်။တစ်လတစ်ခါအမှိုက်ကောက်ရာတွင်လက်(သို့မဟုတ်) ဝါးချွန်များဖြင့်သာကောက်နေရသဖြင့် အချိန်ကုန် လူပန်းဖြစ်ရသည်။

အမျိုးသမီးများအတွက်မူ ကလေးထိန်းမှုကြိုကျောင်းမရှိသဖြင့် ကလေးမိခင်တို့အတွက် ကလေးထိန်းနေရသဖြင့် အခြားအလုပ်လုပ်ရန် အချိန်မရှိတော့ပါ။ကျေးရွာတွင် မည်သည့်အိမ်တွင်းမှု လုပ်ငန်းမှု မရှိသဖြင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ဝင်ငွေအရင်းအမြစ်လည်း အလွန်နည်းနေပါသည်။ ကျန်းမာရေး ဝန်ဆောင်မှုရသည့်နေရာတွင် အိမ်သာမရှိသဖြင့် ဆေးကုသမှု ခံယူသူများအတွက် သန့်ရှင်းမှုအားနည်းနေပါသည်။ လမ်းမီးတိုင်များမလုံလောက်သောကြောင့် ညဘက်တွင် အရေးပေါ်သွားလာရန်အတွက် အခက်အခဲများနှင့် ကြုံရသည်။

ကျေးရွာတွင်း လမ်းများလည်း ပျက်စီးနေသောကြောင့် သွားလာရေးအဆင်မပြေပါ။ကျေးရွာတွင် ရေသန့်စက် ၊ ရေကောင်းရေသန့် သိုလှောင်သည့်နေရာမရှိသဖြင့် ကျေးရွာတွင် သောက်ရေ သုံးရေများ မသန့်ရှင်းသောကြောင့် ကလေးငယ်များ ဝမ်းပျက် ဝမ်းလျှော ဖြစ်ကြသည်။

**(ဇ) မျှော်မှန်းချက်**






ရေနီပေါက်ကျေးရွာတွင်ကျေးရွာသူရွာသားများ၏နောင်လာမည့်(၅)နှစ်အတွင်းကျေးရွာ အတွက် မျှော်မှန်းထားသည့်မျှော်မှန်းချက်များကိုကြည့်ခြင်းအားဖြင့် ကျေးရွာလူထုအားလုံးသည် ကျေး ရွာဖွံ့ဖြိုးတိုးတက်ရေးကိုလိုလားသူများဖြစ်ကြသည်။ကျေးရွာတွင်းရှိမျိုးဆက်သစ် ကလေးငယ်များကို

လည်းမိမိတို့ကျေးရွာတွင်ပင်အလယ်တန်းအထိကောင်းမွန်စွာပညာသင်ခွင့်ရရန်မျှော်မှန်းထားကြသည်။ ကျေးရွာတွင်း၌သာ ရောင်းဝယ်ခွင့်ရပြီး အလုပ်အကိုင်ပေါပေါများများလုပ်ခွင့်ရကာ ဝမ်းစာရေး အဆင်ပြေချင်ကြသည်။ကျေးရွာတွင်ဝမ်းပျက်ဝမ်းလျောရောဂါကင်းစေရန်အတွက် သန့်ရှင်းသော သောက်ရေ ၊ သုံးရေ ကိုလုံလောက်စွာ ရရန်လိုအပ်သည်။ ကျေးရွာတွင်းလမ်းမီး လင်းရေးသည်လည်း ကျေးရွာအတွက်မျှော်မှန်းထားကြသည်။ကျေးရွာရှိမျိုးဆက်သစ် လူငယ်များသည် လည်း ကျန်းမာ ကြံ့ခိုင်ရေးအတွက် အားကစားပြုလုပ်သည့်အားကစားရုံ လိုအပ်နေပါသည်။

ကျေးရွာလုံခြုံ သန့်ရှင်းရေးအတွက် ရွာပတ်လမ်းအသစ်ကိုလည်း ဖောက်ပေးစေချင်ကြပါသည်။ ရေနီပေါက်ကျေးရွာသူ ရွာသားများသည် ကျေးရွာသန့်ရှင်းရေးအတွက် အထူးအလေးထားသူများ ဖြစ်ကြသည့်အလျောက် ရွာသန့်ရှင်းရေးတွင် အသုံးပြုနိုင်ရန် အမှိုက်တင်ကားထားရှိရန်လည်း မျှော်မှန်းထားပါသည်။ ကျေးရွာတွင် မီးဘေးအန္တရာယ် နှင့် တောမီးလောင်ခြင်းများလည်း ဖြစ်တတ် သဖြင့်အရေးပေါ်မီးဘေး အန္တရာယ်ကာကွယ်ရန် ရေစင်များသို့မဟုတ်မီးသတ်ကား များထားရှိပေး စေလိုကြသည်။အမျိုးသမီးများအနေဖြင့်လည်း အိမ်တွင်းမှုလုပ်ငန်း သင်တန်းများပို့ချပေးလျှင်အိမ်တွင်း အပိုဝင်ငွေပိုရမည်။ JKT တံတားအနီးတွင်လည်းအပန်းဖြေ ပန်းခြံ နှင့် ခုံတန်းငယ်လေးများထားရှိပေးလျှင် ကျေးရွာအနေနှင့် ပိုမိုလှပပြီး စိတ်အပန်းဖြေ စရာနေရာ ဖြစ်လာနိုင်ပါသည်။

**(ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း**



ရေနီပေါက်ကျေးရွာ၌ကျေးရွာသူ ရွာသားများအတူတကွ ဦးစားပေးလုပ်ငန်းများ ရွေးချယ် သတ်မှတ်ရာတွင် ကျေးရွာလူထုတို့သည် မိမိတို့ကျေးရွာဖွံ့ ဖြိုးတိုးတက်ရေးအတွက် အလွန်အားတက် သရော ပါဝင်ကြပါသည်။စာသင်ကျောင်းတွင် ကျောင်းသားဦးရေ နှင့် ကျောင်းဆောင်မမျှသဖြင့် ကျောင်းဆောင်တိုးချဲ့ခြင်း လုပ်ငန်းကို ဦးစားပေး (၁) အဖြစ် အမျိုးသား၊ အမျိုးသမီး အားလုံး အတူတကွ ရွေးချယ်ခဲ့ကြသည်။

ကျေးရွာတွင် ခန်းမဆောင်ရှိသော်လည်း လူငယ်များအနေဖြင့် အစည်းအဝေးပွဲများ၊ သာရေးနာရေးပွဲများ ၊ လူငယ်များသီးသန့်ဆွေးနွေး ပွဲ ၊တွေ့ဆုံပွဲများပြုလုပ်ရန် နေရာမရှိသဖြင့်ဦးစားပေးလုပ်ငန်း (၂) အဖြစ် လူငယ်ရိပ်သာ တည်ဆောက်ခြင်း လုပ်ငန်းကို အမျိုးသား များ၊အမျိုးသမီး များ အားလုံး အတူတူမဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။သောက်သုံးရေ အတွက် ရေသန့်ကိုသာ သောက်သုံးနိုင်ရန်အတွက် အဖုံးပါသော ရေစစ်ကန် ကိုတည်ဆောက်ရန်အတွက် ဦးစားပေး (၃) အနေဖြင့် အမျိုးသား အမျိုးသမီး များအားလုံး အတူတူ ရွေးချယ် သတ်မှတ်ခဲ့ကြသည်။

ဦးစားပေးလုပ်ငန်း (၄) အနေဖြင့် အုပ်စု အားကစားကွင်း တည်ဆောက်ရန်အတွက်ကျေးရွာ သုံး ရွာစလုံးမှ အတူတကွ သဘောတူညီချက်ဖြင့် ရွေးချယ်ခဲ့ကြသည်။ထိုသို့ ရွေးချယ်ကြခြင်းမှာ ကျေးရွာ သုံးရွာစလုံးမှ အနာဂါတ်လူငယ်များ မူးယစ်ဆေး သုံးစွဲမှုမရှိစေရန်၊ ကိုယ်ကာယကျန်းမာ ကြံ့ခိုင်၍အားကစား စိတ်ဓါတ်အပြည့်အဝရှိစေရန် ရည်သန်၍ ကျေးရွာ(၃)ရွာစလုံးမှအမျိုးသား များအားလုံး အတူတကွရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။

**၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ**









## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးကျော်ညွန့် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော် မတီဥက္ကဌ |
| ၂ | ဒေါ်အိအိအောင် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော် မတီအဖွဲ့ဝင် |
| ၃ | ဦး နိုင်နိုင်ထွန်း | ငွေစာရင်းကိုင် | ဘဏ္ဍာရေးဆပ်ကော် မတီအဖွဲ့ဝင် |
| ၄ | ဦးမီရယ် | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်အေးအေးမင်း | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးကျော်မင်းအောင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်မြစိန် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးအောင်သိန်း | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်စိုးစန္ဒာဝင်း | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးနေဝင်း | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | ဝေဖန်အကြံပြုတိုင် ကြားရေးအဖွဲ့ဝင် |
| ၁၁ | ဒေါ်နှင်းစိန် | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | ဝေဖန်အကြံပြုတိုင် ကြားရေးအဖွဲ့ဝင် |
| ၁၂ | ဦးအောင်ကျော်သန်း | စေတနာ့ဂန်ထမ်း | |
| ၁၃ | ဒေါ်ထက်ထက်ကျော် | စေတနာ့ဂန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်း သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးစိုးရယ် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည်<br>နန်းမိုးမိုးသူ |
| ပြည်နယ်/တိုင်းဒေသကြီး ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ရေနီပေါက် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၇၄ | ဘာသာ (၁) ဗုဒ္ဓ | ၇၄ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) ---------- | |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | ဗုဒ္ဓဘာသာ | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၄ | ဗုဒ္ဓဘာသာ | ၁၄ |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၈၂ | ၁၇၄ |
| လူမျိုးစု (၁) ကယား | ၁၈၂ | ၁၇၄ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၄ | - |

= ၃၅၆ ဦး

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | ဆေးရုံ | ☐ | စေတီ | ☑ |
| အထက်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အခြား | ☐ | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>တံခွန်တိုင်ရှိသည်။ | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| တန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| ာက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| ာယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေး ဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| ှဲဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| ား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ဝိုင်းပါ (ရှိပါသည်)/မရှိပါ/(မသိပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃--- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်-----၂၀ မိနစ်

ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---------၃၀ မိနစ်

ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေး စီမံချက်

(၂) ပက်မြန်မာ ၊ မြစိမ်းရောင်

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးစိုးရယ်

လက်မှတ် [signature] နေ့စွဲ ၂၇·၁·၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နန်းမိုးမိုးသူ

လက်မှတ် [signature] နေ့စွဲ ၂၇·၁·၂၀၁၇

## ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



လူထုဖော်ဆောင်မြို့ စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၀.၁၁.၂၀၁၆

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။


စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းမြသိန်း

နေ့စွဲ ၂၇.၂.၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဇေဒီပေါက်


| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ |  | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် |  |  |  |
|---|---|---|---|---|---|---|
|  | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၁.၁၇ | ၂၆.၁.၁၇ | ၂၅ | ၁၄ | ၃၉ | ကယား ၃၉ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၁.၁၇ | ၂၇.၁.၁၇ | ၂၃ | ၂၉ | ၅၂ | ကယား ၅၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၆.၂.၁၇ | ၆.၂.၁၇ | ၁၆ | ၇ | ၂၃ | ကယား ၁၆ ရှမ်း-၄ ဗမာ-၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၀.၂.၁၇ | ၁၀.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၃၁.၃.၁၇ | ၃၁.၃.၁၇ | ၂၈ | ၂၀ | ၄၈ | ကယား ၄၇ ရှမ်း ၁ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀.၄.၁၇ | ၂၀.၄.၁၇ | ၆ | ၆ | ၁၂ | ကယား ၁၂ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၀.၄.၁၇ | ၂၀.၄.၁၇ | ၆ | ၆ | ၁၂ | ကယား ၁၂ |



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၁.၁၁.၂၀၁၆

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၀.၄.၁၇ | ၂၀.၄.၁၇ | ၆ | ၆ | ၁၂ | ကလော \| ၁၂ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၀.၄.၁၇ | ၂၀.၄.၁၇ | ၆ | ၆ | ၁၂ | ကလော \| ၁၂ |
| ၆.၄။ မြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၀.၄.၁၇ | ၂၀.၄.၁၇ | ၆ | ၆ | ၁၂ | ကလော \| ၁၂ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

ညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် စည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းမိုးမိုးသူ

၂၇-၁-၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ရေနီပေါက် |
|---|---|---|---|

၁။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | နွေရာသီတွင်တောမီး လောင်ခြင်း | ၁ | အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်း |
| ၂ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း | ၂ | အသက်(၅)နှစ်အောက်ကလေးများ အတွက် မူကြိုကျောင်း မရှိခြင်း |
| ၃ | ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်း | ၃ | လျှပ်စစ်မီး မရှိခြင်း |
| ၄ | လမ်းမကောင်း သဖြင့်သွားလာရခက်ခဲခြင်း | ၄ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၅ | ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်စုံသော ဆေးပေးခန်း | ၅ | လမ်းမကောင်း သဖြင့် သွားလာရခက်ခဲခြင်း |
| ၆ | ကျောင်းခြံစည်းရိုး မရှိခြင်း | ၆ | ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်စုံသော ဆေးပေးခန်း |

၂။ မျှော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းသန့်ရှင်းရေး တွင်အသုံးပြုနိုင်ရန် အမှိုက်ကန်ထားရှိပေးရန် | ၁ | ဆီကြိတ်စက်များ ပံ့ပိုးပေးရန် |
| ၂ | မီးဘေးကြိုတင်ကာကွယ်ရေး အတွက်ရေစည်ကန် ရှိရန် | ၂ | လမ်းမီးဓါတ်တိုင် ရရှိရန် |
| ၃ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၃ | (၅)နှစ်အောက်ကလေး များ အတွက် မူကြိုကျောင်း ရရှိရန် |
| ၄ | ကျောင်းခြံစည်းရိုးများရှိလာစေရန် | ၄ | အပန်းဖြေပန်းခြံများ ရှိလာရန် မျှော်လင့်ခြင်း |
| ၅ | သောက်သုံးရေလုံလောက်စွာရရှိရန် | ၅ | အလယ်တန်းကျောင်း တိုးမြှင့်ရရှိရန် |
| ၆ | အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ရရှိရန် | ၆ | လူမှုကူညီရေး ယာဉ်ရရှိရန် |
| ၇ | ဝန်ဆောင်မှုနှင့်ဆေးဝါး လုံလောက်သောဆေးပေးခန်း | ၇ | ဝန်ဆောင်မှုနှင့် ဆေးဝါး လုံလောက်သောဆေးပေးခန်း |
| ၈ | စိုက်ပျိုးသီးနှံ၊ မွေးမြူရေး နှင့် အခြားအတွက် ဈေးကွက်စနစ် ကောင်းမွန်လာလာစေရန် | | |

လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| စဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| | ကျောင်းစာသင်ဆောင်တိုးချဲ့ခြင်း | အမျိုးသား + အမျိုးသမီး | ၇၀၀၀၀၀/- | ၃၅၆ ဦး |
| | ခန်းမဆောင်တိုးချဲ့ခြင်း | အမျိုးသား + အမျိုးသမီး | | ၃၅၆ ဦး |
| | အဖုံးပါသောရေစစ်ကန်နှင့်တည်ဆောက် | အမျိုးသား + အမျိုးသမီး | | ၃၅၆ ဦး |
| | ခြင်း | | | |
| ၄ | ရပ်ရွာဘောလုံးကွင်းတည်ဆောက်ခြင်း | အမျိုးသား | | ၁၁၄၀ ဦး |
| ၅ | ကျေးရွာလမ်းပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၃၅၆ ဦး |
| ၆ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၃၅၆ ဦး |
| | | | | |
| | | | | |
| | | | | |

လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| စဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၇ | တန်ဖိုးနည်း အိမ်သာများဆောက်လုပ်ခြင်း | အမျိုးသမီး | Health |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---------------------------- လက်မှတ် ---------------------------- နေ့စွဲ ----------------------------

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်[illegible]းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်မူမိုင် | | |
| နေ့စွဲ ၆.၂.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| ရေနီပေါက် | စာသင်ကျောင်း တိုးချဲ့ | ၃၄'x၂၀'x၁၈' | ကျောင်းသူ/သားများ | ☐ ကျား ☐ မ ☑ ကျား+မ | ၇၀၀၀၀၀၀ | | \| | ၇၀၀၀၀၀၀ |
| ဝမ်ချယ် | စာသင်ကျောင်းပြုပြင်တိုးချဲ့ (အခန်းချဲ့) | 30'x25'x18' | ကျောင်းသူ/သားများ | ☐ ကျား ☐ မ ☑ ကျား+မ | ၇၀၀၀၀၀၀ | | \| | ၇၀၀၀၀၀၀ |
| မိုင်းဝမ်း | ရေမြောင်းတူး (ပြုပြင်) ရေပိုက်သွယ် (ပြုပြင်) | 757' 2095' | ကျေးရွာသူ/သားများ | ☐ ကျား ☐ မ ☑ ကျား+မ | ၆၀၀၀၀၀၀ | | \| | ၆၀၀၀၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | \| | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | \| | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးထွားဂျယ် လက်မှတ် (signature) ရက်စွဲ ၆.၂.၂၀၁၇

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

### ပထမ အကြိမ် ကျေးရွာ အစည်း အဝေး မှတ်တမ်း

ကျေးရွာအမည် - ရေနီပေါက်ကျေးရွာ

ကျေးရွာအုပ်စု - ဘောလခဲအုပ်စု

မြို့နယ် - ဘောလခဲ မြို့နယ်

ရက်စွဲ - ၂၆.၁.၂၀၁၇

| တက်ရောက်သူဦးရေ ⇒ | အမျိုးသား | အမျိုးသမီး | = စုစုပေါင်း |
|---|---|---|---|
| | ၂၅ | ၁၄ | - ၃၉ ဦး |

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|
| ဒေါ်နန်းတာနည်ထွေး<br>ဒေါ်လဲ့လဲ့ဝေဖြိုး | အမည် ၊ နေရပ် များကို ဦးစွာမိတ်ဆက်ခြင်း ။ |
| ဦးစိုးရယ်<br>(ကျေးရွာဥက္ကဋ္ဌ) | မိမိကိုယ်ကို မိတ်ဆက်ပြီး အဖွင့် အမှာစကား ပြောကြားပါသည်။<br>"လူထုဗဟိုပြု စီမံကိန်း" သည် ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို (၄) နှစ်စီမံကိန်း ဖြင့် အုပ်စုအလိုက် လူဦးရေအလိုက် ရန်ပုံငွေများ ထောက်ပံ့ပေးသွားမည်။<br>ထိုဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ကျေးရွာသူရွာသားများ အားလုံး ပူးပေါင်းပါဝင် ပေးကြပါရန် ပြောဆို ဆွေးနွေး ပါသည်။ |
| ဒေါ်နန်းတာနည်ထွေး | စီမံကိန်းအမည် "လူထုဗဟိုပြုစီမံကိန်း" အင်္ဂလိပ်လို Community Driven Development Project အတိုကောက် CDD ဟုခေါ် ကြောင်းရှင်းပြ သည်။ ထို့နောက် တစ်ဆက်တည်း "လူထုဗဟိုပြုစီမံကိန်း" အကြောင်း ရှင်းပြသည်။ |
| ဒေါ်လဲ့လဲ့ဝေဖြိုး | စီမံကိန်း စက်ဝန်း အဆင့် အလိုက် အပိုင်းအလိုက် သေချာ ရှင်းပြဆွေးနွေးသည်။ |

| ပြောဆိုသူ | ဆွေးနွေးသည့် အကြောင်းအရာ |
| --- | --- |
| ဒေါ်နန်းတာနည်ဝေ | စေတနာ့ဝန်ထမ်း မှ တာဝန် နှင့် ဝတ္တရား များ ရှင်းပြ<br>ကျေးရွာစေတနာ့ဝန်ထမ်းရွေး ချယ်ခြင်း အစီအစဉ်<br>ကျေးရွာလူထုမှ မဲပေးဆန္ဒ ဖြင့် - ဒေါ်ထက်ထက်ကျော်<br>- ဦးအောင်ကျော်သန်း တို့ ၂ ဦး<br>ကိုရွေးချယ်သည်။ |
| ဒေါ်နန်းတာနည်ဝေ<br>ဒေါ်လဲ့လဲ့ဝေဖြိုး | <u>လူမှုဆန်းစစ်မှု ပြုလုပ်ခြင်း အစီအစဉ်</u><br>- ကျေးရွာလူထု ပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း ကို အောက်ပါကိရိယာ များဖြင့် ပြုလုပ်သွားပါသည်။<br>(၁) လူမှုရေး အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း နှင့် ဆန်းစစ်ခြင်း<br>(၂) ဥစ္စာဓနကြွယ်ဝမှု များ အပေါ် အဆင့်သတ်မှတ်ခြင်း နှင့် ဆန်းစစ်ခြင်း<br>(၃). ဖိုမဆိုင်မှု တွင် သုံးစွဲ ထိန်းချုပ်မှု အပေါ် သုံးသပ်ခြင်း နှင့် ဆန်းစစ်ခြင်း<br>(၄) ရာသီခွင်ပြပြက္ခဒိန် ရေးဆွဲခြင်း နှင့် ဆန်းစစ်ဆွေးနွေးခြင်း<br>(၅) ပင့်ကူအိမ်သုံးသပ်ခြင်း နှင့် ဆန်းစစ်ခြင်း<br>(၆) မင်းပုံစံ သုံး၍ အဖွဲ့အစည်း ချိတ်ဆက်မှုပုံစံ ရေးဆွဲ ပြီး ဆန်းစစ်ခြင်း |
| ဒေါ်လဲ့လဲ့ဝေဖြိုး | လူမှုဆန်းစစ်မှုများ အားလုံး ကို တစ်ခုတစ်လည်းတည်း ပြန်လည်တင်ပြ သည်။ |
| ဦးမြင့်အောင် | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ မှ အမှာစကား ပြောကြား ပြီး အစည်းအဝေးရုပ်သိမ်း လိုက်သည်။ |

## ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် - ရေနီပေါက်ကျေးရွာ

ကျေးရွာအုပ်စု - ဘောလခဲ အုပ်စု

မြို့နယ် - ဘောလခဲမြို့နယ်

ရက်စွဲ - ၂၇.၁.၂၀၁၇

တက်ရောက်သူဦးရေ ⇒ အမျိုးသား ၂၃ အမျိုးသမီး ၂၉ - စုစုပေါင်း - ၅၂ ဦး

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
| --- | --- |
| ဦးစိုးရယ် | ဒုတိယ အကြိမ် အစည်းအဝေးတက်ရောက်သူဦးရေ ပိုများလာ၍ ကျေးဇူးတင်ကြောင်း ၊ ဆရာမ များ ဆွေးနွေးသည့် အကြောင်းအရာများကို ဂရုတစိုက်နားထောင်ပေးရန် အမှာစကားပြောကြား ။ |
| ဒေါ်နန်းတာနည်ဝေး | ကျေးရွာအတွင်း ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ ၊ ပြဿနာများကို ဖော်ထုတ်ဆွေးနွေးခြင်း ၊ မိမိတို့ ကျေးရွာအပေါ် နောင်လာမည့် (၅) နှစ်အတွင်း မျှော်မှန်းထားသည့် မျှော်မှန်းချက်များ စိတ်ကူး ပုံဖော်မက်များ ထားရှိခြင်း ၊ ကျေးရွာ ဖွံ့ဖြိုး တိုးတက်လာစေရန် အတွက်မြှင့်လုပ်ရမည့် အစီအစဉ်များ သတ်မှတ်ထားရှိခြင်း ၊ ဆွေးနွေးခြင်း ။ |
| ဒေါ်လဲ့လဲ့ဝေမြိုး | ကျေးရွာဖွံ့ဖြိုးရန်အတွက် ဦးစားပေးလုပ်ငန်းများကို အမျိုးသား ၊ အမျိုး ခွဲ ကာ ရွေးချယ်စေခြင်း ၊ ထို့နောက် ပေါင်းကာမဲပေးစနစ်ဖြင့် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ကြရာ အဆင့်အလိုက် အောက်ပါတို့ဖြစ်သည်။<br>(၁) စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း (ကျား + မ)<br>(၂) လူငယ်ရိပ်သာတည်ဆောက်ခြင်း (ကျား+မ)<br>(၃) အဖုံးပါသောရေစစ်ကန်တည်ဆောက်ခြင်း (ကျား+မ)<br>(၄) အုပ်စု အားကစားကွင်းတည်ဆောက်ခြင်း (ကျား)<br>(၅) ကျေးရွာတွင်းလမ်းများ ပြုပြင်ခြင်း (ကျား+မ)<br>(၆) ကျောင်းမြေ စည်းရိုးခတ်ခြင်း (ကျား+မ)<br>(၇) ကျန်းမာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း (မ) |

<table>
<tr><th>ဆွေးနွေးသူ</th><th>ဆွေးနွေးသည့်အကြောင်းအရာ</th></tr>
<tr><td>ဒေါ်နန်းတာနည်ထွေး</td><td>လူထုဗဟိုပြုစီမံကိန်းတွင် အကျုံးဝင်သောလုပ်ငန်းခွဲများ နှင့် အကျုံးမဝင်သောလုပ်ငန်းများ ၊ ပထမနှစ်တွင် အကျုံးဝင်သောလုပ်ငန်းခွဲများကို တင်ပြဆွေးနွေးသည်။</td></tr>
<tr><td>ဒေါ်လဲ့လဲ့ဝေဖြိုး</td><td>စီမံကိန်း၏ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ ၊ လူမှုရေးဆိုင်ရာ/ပတ်ဝန်းကျင်ဆိုင်ရာ ထားရှိရမည့် အကာအကွယ် များကိုတင်ပြဆွေးနွေးခြင်း။</td></tr>
<tr><td>ဒေါ်နန်းတာနည်ထွေး<br>ဒေါ်လဲ့လဲ့ဝေဖြိုး</td><td>ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ဝင်များကို အမျိုးသား ၊ အမျိုးသမီး (၇)ဦးစီ အဆိုပြုစေပြီး မဲစနစ်ဖြင့် ရွေးချယ်ခဲ့သည်။<br><u>ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ဝင်များ</u>
<table>
<tr><th>စဉ်</th><th>အမည်</th><th>ကော်မတီတာဝန် / ရာထူး</th></tr>
<tr><td>၁။</td><td>ဦးကျော်ညွန့်</td><td>ကျေးရွာစီထောက် ဥက္ကဋ္ဌ</td></tr>
<tr><td>၂။</td><td>ဒေါ်အိအိအောင်</td><td>"</td></tr>
<tr><td>၃။</td><td>ဦးခင်မောင်ထွန်း</td><td>ကျေးရွာငွေစာရင်းကိုင်</td></tr>
<tr><td>၄။</td><td>ဒေါ်ထက်ထက်ကျော်</td><td>စေတနာ့ဝန်ထမ်း</td></tr>
<tr><td>၅။</td><td>ဦးအောင်ကျော်သန်း</td><td>"</td></tr>
<tr><td>၆။</td><td>ဒေါ်နှင်းစိန်</td><td>ဝေဖန်အကြံပြုတိုင်ကြားမှုဖြေရှင်းရေးဆပ်ကော်မတီ</td></tr>
<tr><td>၇။</td><td>ဦးနေဝင်း</td><td>"</td></tr>
<tr><td>၈။</td><td>ဒေါ်ခိုးစန္ဒာဝင်း</td><td>လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ</td></tr>
<tr><td>၉။</td><td>ဦးအောင်သိန်း</td><td>"</td></tr>
<tr><td>၁၀။</td><td>ဦးမိုရယ်</td><td>ဝယ်ယူရေးဆပ်ကော်မတီ</td></tr>
<tr><td>၁၁။</td><td>ဒေါ်အေးအေးမင်း</td><td>"</td></tr>
<tr><td>၁၂။</td><td>ဦးကျော်မင်းအောင်</td><td>စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ</td></tr>
<tr><td>၁၃။</td><td>ဒေါ်မြစိန်</td><td>"</td></tr>
<tr><td>၁၄။</td><td>ဦးစိုးရယ်</td><td>အကြံပေးပုဂ္ဂိုလ်</td></tr>
</table>
ကော်မတီအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများကိုရှင်းပြပြီး ကျင့်ဝတ်များကိုလက်မှတ်ထိုးစေသည်။</td></tr>
<tr><td>ဦးမြင့်အောင်<br>(ကျေးရွာဖွံ့ဖြိုးရေး ဥက္ကဋ္ဌ)</td><td>လူထုဗဟိုပြုစီမံကိန်း ဆိုသည့်အတိုင်း လူထုများမှ အသိအမြင် အားလုံးပွင့်လင်းကြရန်နှင့် အားလုံးပူးပေါင်းမှသာ အောင်မြင် မည်ဖြစ်ကြောင်း ဆွေးနွေး၍ အပိတ်အမှာစကား ပြောကြားသည်။</td></tr>
</table>

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦးနှင့်လမ်း/တံတား | ၁ | [illegible] | | | | |
| | | လုပ်ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | ၂ | အမိုးပါသောရေစစ်ကန် | | | | |
| | | တည်ဆောက်ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | ၃ | [illegible] ဘောလုံးကွင်း [illegible] | | | | |
| | | ဆောက်ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | ၄ | ကျေးရွာလမ်း ပြုပြင်ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| အသက်မွေးဝမ်းကြောင်းနှင့် စိုက်ပျိုးရေး | | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ရေရရှိရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်းဆောင်ထိုးချဲ့ | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | | ခြင်း | | | | |
| | ၂ | ကျောင်းမြေစည်းရိုး [illegible] | | | | |
| | | ခြင်း | ကျား+မ | Jan/2017 | ကျေးရွာလူထု | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | [illegible] | မ | Jan/2017 | ကျေးရွာလူထု | |
| | | ဆောက်လုပ်ပေးခြင်း | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |